## (၂) မှဲ့ပြောက်စွန်းရောဂါ (Anthracnose)/ရွက်ခြောက်ရောဂါ (Leaf blight)

**ရောဂါဖြစ်စေသက်ရှိ - *Colletotrichum gloeosporioides* (Penz) ( Syn: *Glomerella cingulate* (Stoneman) Spauld. & H. Schrenk )**

### ရောဂါလက္ခဏာများ

အရွက်ပေါ်တွင် ရောဂါကျရောက်ပါက ပုံသဏ္ဌာန်မမှန်သောအညိုရောင် အနာကွက်ပေါ်တွင် အမည်းစက်အဖုလေးများကို ဗဟိုတူစက်ဝိုင်းရစ်များကဲ့သို့တွေ့ရသည်။ ဆဲလ် သေကွက်များကြီးထွားလာပြီး အရွက်တစ်ခုလုံးသို့ ပြန့်နှံ့ သွားချိန်တွင် အရွက်မှာ မည်း လာပြီး ခြောက်သေသွားသည်ကို တွေ့ရသည်။ ပင်စည်တွင် ဘဲဥပုံအနာ ချိုင့်လေးများ အဖြစ်တွေ့ရပြီး ပန်းပွင့်ချိန်တွင်ကျရောက် ပါက ပွင့်ဖတ်များပေါ်တွင် ဆဲလ်သေကွက် များ ဖြစ်ပေါ် ပြီး ပန်းပွင့်များခြောက်သွားသည်။ အသီးမှည့်ချိန်တွင် ထင်ရှားသော လက္ခဏာမှာ စက်ဝိုင်းပုံအနာချိုင့်များ အဖြစ် တွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကျအပိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ၊ မီးရှို့ဖျက်ဆီးပါ။
- သစ်သီးခြံသန့်ရှင်းရေးလုပ်ငန်းသည် အရေးကြီးသော ဘက်စုံရောဂါ ကာကွယ်ရေးနည်းလမ်းတစ်ခုဖြစ်သည်။
- ပေါင်းသင်၍ အဟာရဓါတ်ပြည့်စုံအောင်ထည့်ပေးခြင်းသည် ရောဂါကို သက်သာ စေသည်။
- အောက်ပါမှိုသတ်ဆေးများကို အသုံးပြုနိုင်ပါသည်။
    - Mancozeb (မန်ကိုဇက်)
    - Azoxystrobin (အဇိုဆီစထရိုဘင်)
    - Thiophanate methyl (သိုင်အိုဖာနိတ်မီသိုင်း)
    - Difenoconazole (ဒိုဖီနိုကိုနာဇိုး)